# Registering Property Indicator
## Template for Mapping Procedure, Time and Cost

| No | Description | Agency responsible | Time | Cost | Justification (of procedure, time taken and cost)<br>ကျိုးကြောင်းဖော်ပြချက်/ရှင်းလင်းချက် (လုပ်ငန်းစဉ်၊ ကြာချိန်နှင့် ကုန်ကျစရိတ်) |
|---|---|---|---|---|---|
| ၁ | သက်သေခံမြေပုံ၊<br>မြေရာဇဝင်ရေးကူးခြင်း<br>(က)အဆောက်အအုံတည်ဆောက်ရန်အတွက် သက်သေခံမြေပုံကူးလျှောက်ထားခြင်း<br>(ခ) အဆောက်အအုံဆောက်ရန် အတွက် မြေတိုင်းမြေပုံလျှောက်ထားခြင်း | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊<br>မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန | ၂၀ ရက်<br><br>၇ ရက်<br><br>၁၃ ရက် | အုပ်စု(၁)<br>၀.၂၅ ကေ=၁၀၁၂၅ကျပ်<br>၀.၅၀ကေထိ=၁၄၂၅၀ကျပ်<br>၀.၅၀၁မှ၁ကေထိ=၂၈၁၂၅ကျပ်<br>၁ ကေတိုးတိုင်း=၂၈၁၂၅ကျပ်<br>အုပ်စု (၂)<br>၀.၂၅ ကေ=၁၂၉၄၅ ကျပ်<br>၀.၅၀ကေထိ=၁၈၃၀၀ ကျပ်<br>၀.၅၀၁မှ ၁ကေထိ=၃၅၂၅၀ကျပ်<br>၁ ကေတိုးတိုင်း=၃၅၂၅ကျပ်<br>အုပ်စု (၃)<br>၀.၂၅ ကေ=၁၅၂၂၅ ကျပ်<br>၀.၅၀ကေထိ=၂၂၁၂၅ ကျပ်<br>၀.၅၀၁မှ ၁ကေထိ=၄၂၃၇၅ကျပ်<br>၁ ကေတိုးတိုင်း=၄၂၃၇၅ကျပ် | လုပ်ငန်းစဉ် - အမှုတွဲဖွင့်/အထောက်အထားစာရွက်စာတမ်းများစိစစ်ခြင်း၊ မြေရာဇဝင်စိစစ်အစီရင်ခံခြင်း၊ မြေပုံမြေရာဇဝင် ရေးဆွဲဖြည့်သွင်းခြင်း၊ အဆင့်ဆင့်ခွင့်ပြုမိန့်တောင်းခြင်း၊ လက်ထောက်ဌာနမှူးမှ ခွင့်ပြုမိန့် ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်ရပါသည်။<br><br>ကြာမြင့်ချိန် -<br><br>ကုန်ကျစရိတ် - |
| ၂ | <u>ပိုင်ဆိုင်မှုတန်ဘိုးဖြတ်ခြင်း</u> | ပြည်တွင်းအခွန်များဦးစီးဌာန | ၂ ပတ်<br>အတွင်း | မရှိပါ။ | လုပ်ငန်းစဉ် - ကျသင့်အခွန်ထမ်းဆောင်နိုင်ရန် အခြေပစ္စည်းအား တန်ဖိုးဖြတ်ခြင်းဖြစ်ပါသည်။<br><br>ကြာမြင့်ချိန် - ညွှန်ကြားလွှာအမှတ်၊ ၂၁/၂၀၁၇(ပူးတွဲ-၁) တွင် အသေးစိတ် ဖော်ပြထားပြီး ဖြစ်ပါသည်။<br><br>ကုန်ကျစရိတ် - မရှိပါ။ |
| ၃ | <u>တံဆိပ်ခေါင်းခွန် ပေးဆောင်စေခြင်း</u> | ပြည်တွင်းအခွန်များဦးစီးဌာန | ၁ ရက် | ပြည်တွင်းအခွန်များဦးစီးဌာန၊ ကာလတန်ဖိုးစိစစ်ရေးအဖွဲ့မှ သတ်မှတ်သည့် တန်ဖိုး၏ ၄.၀ % | လုပ်ငန်းစဉ် - အခြေပစ္စည်းများ လွှဲပြောင်းခြင်းအား တရားဥပဒေနှင့်အညီ လွှဲပြောင်းခြင်းဖြစ်စေရန်<br><br>ကြာမြင့်ချိန် - သက်ဆိုင်ရာအခွန်ရုံးမှ တံဆိပ်ခေါင်းခွန် တွက်ချက် ဖော်ပြထားသည့်ချလန်ရယူပြီး သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးဆောင်ပြီးနောက် |

| No | Description | Agency responsible | Time | Cost | Justification (of procedure, time taken and cost)<br>ကျိုးကြောင်းဖော်ပြချက်/ရှင်းလင်းချက် (လုပ်ငန်းစဉ်၊ ကြာချိန်နှင့် ကုန်ကျစရိတ်) |
|---|---|---|---|---|---|
| | | | | | ချုလန်ဖြတ်ပိုင်းဖြင့် သက်ဆိုင်ရာအခွန်ရုံးတွင် ထိုက်သင့်တံဆိပ်ခေါင်း ထုတ်ယူရပါမည်။<br><br>ကုန်ကျစရိတ် - မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အက်ဥပဒေအရ ပေးဆောင်စေခြင်း ဖြစ်ပါသည်။ |
| ၄ | <u>စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း</u> | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး | ၂၁ ရက် | ပြည်တွင်းအခွန်များဦးစီးဌာန၊ ကာလတန်ဖိုးစိစစ်ရေးအဖွဲ့မှ သတ်မှတ်သည့် တန်ဖိုး၏ ၀.၂% | လုပ်ငန်းစဉ်- မှတ်ပုံတင်ရန် တင်သွင်းလာသည့် စာချုပ်အား စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊ မှတ်ပုံတင်ကြေးပေးသွင်းစေခြင်း၊ မူရင်းစာချုပ်ပါ အချက်အလက်အားလုံးကို ရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရန် လက်ရေးဖြင့် ရေးကူးခြင်း၊ မူရင်းစာချုပ်နှင့် မှတ်ပုံတင်စာအုပ်တို့တွင် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိမှ အပြီးသတ်မှတ်ပုံတင်လက်မှတ်ရေးထိုးခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းအား Digital စနစ်ဖြင့် မှတ်တမ်းတင်ဆောင်ရွက်နိုင်ရန်အတွက် DDMS Software တွင် အချက်အလက်များ စမ်းသပ်ရေးသွင်းခြင်း၊ စာချုပ်မူရင်းအား ကာယကံရှင်သို့ ပြန်လည်ထုတ်ပေးခြင်း၊<br><br>ကြာမြင့်ချိန် - အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအား တည်ဆဲစာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်အညီ ဆောင်ရွက်ရခြင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းအား ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး Digital စနစ်သို့ ကူးပြောင်းဆောင်ရွက်ရန် DDMS Software အား စမ်းသပ်အသုံးပြုခြင်းတို့ကြောင့် (၂၁) ရက်ကြာမြင့်ရခြင်း ဖြစ်ပါသည်။ DDMS Software အောင်မြင်စွာ အသုံးပြုနိုင်သည့်အခါ ယခုထက်ပိုမို လျင်မြန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။<br>(အဆိုပါကြာမြင့်ချိန် ၂၁ ရက်တွင် *ကာလတန်ဖိုးစိစစ်ရေးအဖွဲ့ထံမှ တစဖပုံစံ (၃) မရောက်ရှိသေးသဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း ဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ စောင့်ဆိုင်းရသည့် အချိန်ကာလ ပါဝင်ခြင်းမရှိပါ။)*<br><br>ကုန်ကျစရိတ်- တည်ဆဲစာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့် |

| No | Description | Agency responsible | Time | Cost | Justification (of procedure, time taken and cost)<br>ကျိုးကြောင်းဖော်ပြချက်/ရှင်းလင်းချက် (လုပ်ငန်းစဉ်၊ ကြာချိန်နှင့် ကုန်ကျစရိတ်) |
|---|---|---|---|---|---|
| | | | | | အညီ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ကုန်ကျစရိတ်ဖြစ်ပါသည်။ |
| ၅ | <u>အမည်ပြောင်းလျှောက်ထားခြင်း အတွက် ကန့်ကွက်ရန် ရှိ/မရှိ သတင်းစာတွင် ကြော်ငြာ ထုတ်ဆင့်ခြင်း</u> | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၂၃ ရက် | အုပ်စု (၁) = ၃၀၀၀၀ ကျပ်<br>အုပ်စု (၂)= ၄၀၀၀၀ ကျပ်<br>အုပ်စု (၃)= ၅၀၀၀၀ ကျပ် | လုပ်ငန်းစဉ် - အမှုတွဲဖွင့်/အထောက်အထားစာရွက်စာတမ်းများစိစစ်ခြင်း၊ မြေရာဇဝင် စိစစ်အစီရင်ခံခြင်း၊ မြေပုံမြေရာဇဝင်ရေးဆွဲဖြည့်သွင်းခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာကြော်ငြာခြင်း၊ အဆင့်ဆင့်ခွင့်ပြုမိန့်တောင်းခြင်း၊ ဌာနမှူးမှ ခွင့်ပြုမိန့်ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်ရပါသည်။<br>(Doing Business အစီရင်ခံစာတွင် <u>*အမည်ပြောင်းလျှောက်ထားခြင်း အတွက် ကန့်ကွက်ရန် ရှိ/မရှိ သတင်းစာတွင် ကြော်ငြာထုတ်ဆင့်ခြင်းနှင့် ပိုင်ဆိုင်သူအမည်လွှဲပြောင်းပေးခြင်း*</u> ဟူ၍ လုပ်ငန်းစဉ် (၂) ခုခွဲထားသော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တင်ပြချက်အရ ၎င်းလုပ်ငန်းစဉ် (၂) သည် အမည်ပြောင်းလျှောက်ထားခြင်း ဆိုသည့် လုပ်ငန်းစဉ် (၁) ခုတည်းတွင် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း သိရှိရပါသည်။)<br><br>ကြာမြင့်ချိန် -<br><br>ကုန်ကျစရိတ် - |
| ၆ | <u>ပိုင်ဆိုင်သူအမည်လွှဲပြောင်းပေးခြင်း</u> | | | | |

မှတ်ချက်။ (၁) လုပ်ငန်းစဉ် အဆင့် (၁)၊ (၅) နှင့် (၆) တို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တင်ပြလာသည့် လုပ်ငန်းစဉ်များအနက် **အမည်ပေါက် ဂရန်မြေအား** မြေပုံ၊မြေရာဇဝင်ရေးကူးခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်း တို့ကို ထုတ်နှုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းစဉ်များ တင်ပြနိုင်ခြင်းမရှိပါ။

(၂) ပိုင်ဆိုင်သူအမည်လွှဲပြောင်းပေးခြင်း လုပ်ငန်းအကြောင်းအရာ ခေါင်းစဉ်အောက်တွင် ဂရန်သစ်/ဂရန်သက်တမ်းတိုးလျှောက်ထားခြင်းအား ဆောင်ရွက်ပုံအဆင့်ဆင့်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းများအား ဆောင်ရွက်ပုံအဆင့်ဆင့်၊ မှတ်ပုံတင်စာချုပ်ဖြင့်ပိုင်ဆိုင်သူမှ ဂရန်ခွဲလျှောက်ထားခြင်းများအား ဆောင်ရွက်ပုံအဆင့်ဆင့် စသည့်ခေါင်းစဉ်များပါဝင်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တင်ပြချက်များအား ပူးတွဲဖော်ပြထားပါသည်။